(၁) အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တ ဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိ တံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာဏိ ကာ လသိကာ မုတ္တံ။ ။(အနုလောမ)

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ ပိဟကံ- ကိလောမကံ ယကနံ ဟဒယံ၊ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိနှာရု မံသံ၊ တစော မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗောသေမှံ ပိတ္တံ၊ မတ္ထလုင်္ဂံ ဒန္တာ နခါ လောမာ ကေသာ။ ။(ပဋိလောမ)

ဒွတ္တိံသာကာရပါဠိ အနုလောမ ပဋိလောမ ပြီး၏။

ဆံပင်၊ အမွေး၊ လက်သည်း- ခြေသည်း၊ သွား၊ အရေ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ ။(အနုလုံ)

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုပ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော အသား၊ အရေ၊ သွား၊ လက်သည်း-ခြေသည်း၊ အမွေး၊ ဆံပင်။ ။(ပဋိလုံ)

## အနုလုံပဋိလုံ အနက်ပြီး၏။

---

(၂) ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏ တောပိ ဂန္ဓတောပိ သဏ္ဌာန တောပိ ဩကာသ တောပိ အာသယ တောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။ ။ ဣမသ္မိံ မေ ကာယေ ဣမေ လောမာနာမ။ ပ။ ပဋိကူလာ အယံတစောနာမ၊ ပ။ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

(၃) ဣဒံမံသံ နာမ (ပ) အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ ဣဒံနှာရုနာမ(ပ) ပဋိကူလံ။ ဣဒံ အဋ္ဌိနာမ (ပ) ပဋိကူလံ။ ။ ဣဒံ အဋ္ဌိမိဉ္ဇံနာမ (ပ) ပဋိကူလံ။ ။ဣဒံ ဝက္ကံ နာမ (ပ) ပဋိကူလံ။

(၄) ဣဒံဟဒယံနာမ (ပ) ပဋိကူလံ။ ။ဣဒယတနံ နာမ (ပ) ပဋိကူလံ။ ။ဣဒံ ကိလောမကံနာမ (ပ) ပဋိကူလံ။ ဣဒံပိဟကံနာမ၊ (ပ) ပဋိကူလံ။ ။ဣဒံပပ္ဖါသံနာမ (ပ) ပဋိကူလံ။

(၅) ဣဒံအန္တံနာမ (ပ) ပဋိကူလံ။ ဣဒံ အန္တဂုဏံ နာမ (ပ) ပဋိကူလံ။ ။ဣဒံ ဥဒရိယံ နာမ (ပ) ပဋိကူလံ။ ဣဒံ ကရီသံနာမ (ပ) ပဋိကူလံ။ ။ဣဒံ မတ္ထလုင်္ဂံနာမ (ပ) ပဋိကူလံ။

(၆) ဣဒံပိတ္တံနာမ(ပ)ပဋိကူလံ။ ။ဣဒံသေမှံနာမ(ပ) ပဋိကူလံ။ ။အယံ ပုဗ္ဗော နာမ (ပ) ပဋိကူလော။ ဣဒံ လောဟိတံနာမ(ပ) ပဋိကူလံ။ ။အယံသေဒေါ နာမ (ပ) ပဋိကူလော။ ။အယံ မေဒေါနာမ (ပ) ပဋိကူလော။

(၇) ဣဒံအဿုနာမ (ပ) ပဋိကူလံ။ အယံ ဝသာနာမ (ပ) ပဋိကူလာ။ ။အယံ ခေဠောနာမ (ပ) ပဋိကူလော။ အယံသိင်္ဃာဏိကာနာမ (ပ) ပဋိကူလာ။ ။အယံ လသိကာ နာမ(ပ)ဋိကူလာ။ ။ဣဒံမုတ္တံနာမ(ပ) ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ပဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ ကဗျာကတော သုညော ပထဝိဓာတုယေဝ။

[ဣမေ။ဣဒံ၊အယံ- တို့ကို ရှေ့ကဆိုခဲ့သည့်အတိုင်းထည့်သွင်း၍ ဆင်ခြင်ပြီးလျှင် မုတ္တံ၊တိုင်အောင်ရွတ်။ ပိတ္တံကစ၍ "အာပေါဓာတုယေဝ"ဟု ဆိုလေ။ ခုနစ်ရက်ရွတ်]

နံနက် ရွတ်စဉ်ပြီး၏။

## မေတ္တာပို့

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီအတ္တာနံ ပရိဟရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီအတ္တာနံ ပရိဟရတု။

သီမဋ္ဌဒေဝတာ အဝေရာဟောန္တု (ပ) ဟရန္တု။

အမှာကံ ဂေါစရ ဂါမေ ဇေဋ္ဌက မနုဿာ အဝေရာ ဟောန္တု (ပ) ဟရန္တု။ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊ အဝေရာဟောန္တု (ပ) ဟရန္တု။

ပုရတ္ထိမာယ၊ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ပုရတ္ထိမာယာ အနုဒိသာယာ၊ ဒက္ခိဏာယ၊ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊ သဗ္ဗေသတ္တာ (ပ) ဟရန္တု။

မေတ္တာပို့ပြီး၏။

(၁) သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ။ ပ။ ယာ။

(၃) သဗ္ဗေ ဓမ္မာ အနတ္တာတိ။ ပ။ ယာ။

(၄) အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ။ ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ။ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

(၅) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

(၆) ဧတ္တာဝတာစ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

(၇) ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

(၈) သဗ္ဗဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

ဤဂါထာကို တနင်္ဂနွေထောင့်က စ၍ တနင်္ဂနွေထောင့် ကျအောင် ထပ်၍ရွတ်။ ရေး၍လည်း ဆွဲထား၊ စည်းဖြစ်၍ ဓားရန်ကင်းသည်။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ။ သံဃံ ပူဇေမိ။ ။အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

ညဉ့်....နံနက်ရွတ်စဉ် ပြီး၏။

## သဗ္ဗေသင်္ခါရာစသော ၈-ဂါထာ အနက်

(၁-၂-၃) သဗ္ဗေ၊ ခပ်သိမ်း ကုန်သော။ သင်္ခါရာ၊ အကြောင်းပြုသမျှ တေဘူမက တရားတို့သည်။ အနိစ္စာ။ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ နိဗ္ဗာန်ပညတ်နှင့်တကွ စတုဘူမိက တရားတို့လည်း။ အနတ္တာ၊ အစိုးရသော ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့မြင်သည့်ရှိသော်။ ဒုက္ခေ၊ သံသရာ ဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသ-ဧသော၊ ဤသို့ ငြီးငွေ့သော ဝိပဿနာဉာဏ်သည်။ ဝိသုဒ္ဓိယာ၊ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ခြင်း၏ မဂ္ဂေါ၊ လမ်းကြောင်းတည်း။

(၄) ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့၊ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကိုပြည့်စုံစေကုန်လော့။ လောကသ္မိံ၊ လူ့ရွာ၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လဘော၊ ရခဲ၏။ ခဲယဉ်းစွာ ရအပ်၏။ မနုဿတ္တဘာဝေါ၊ လူ၏ အဖြစ်ကို။ ဒုလ္လဘော၊၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာသုံးတန်-ကံ-ကံ၏အကျိုးတို့ကိုကြည်ညိုယုံကြည်ခြင်း-သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို။ ဒုလ္လဘော၊ ၏။ (ဤ၌ သမ္ပတ္တိဟူ၍ရင်း။ ခဏသမ္ပတ္တိ ဟူ၍ရင်း အချို့ ပါဌ်ရှိကြ၏)။ ပဗ္ဗဇိတဘာဝေါ၊ ရသေ့ရဟန်း အဖြစ်ကို။ ဒုလ္လဘော၊ ၏။ သဒ္ဓမ္မဿဝနံ။ သူတော်ကောင်းတရား စကားနာကြား ရခြင်းကို၊ ဒုလ္လဘံ၊ ရနိုင်ခဲ၏။ ဝါ၊ ခဲယဉ်းစွာရအပ်၏။ (ဤ၌အတိသဒ္ဒါ

စာမှာမပါ)။ ဧဝံ၊ ဤသို့။ ဒိဝသေ ဒိဝသေ။ နေ့တိုင်း နေ့တိုင်း။ ဩဝဒိဆွမ်းခံပြန်တွင်ခြေဆေးအင်းပျဉ်ခင်းရပ်၍ဟောတော်မူ၏။

(၅) ဘိက္ခဝေ၊ တို့။ ဒါနိ၊ ငါဘုရားပရိနိဗ္ဗာန်စံလွန်ခါနီးဖြစ်သော ယခုအခါ၌၊ ဟန္ဒ။ ငါတိုက်တွန်း၏။ ဝေါ၊ သင်ချစ်သားတို့ကို။ အာမန္တယာမိ၊ ငါခေါ်၍ သိစေတော်မူ၏။ သင်္ခါရာ၊ အဆန်း-အရိုး၊-အဆိုး-အကောင်း၊ အကြောင်းပြု၍ဖြစ်သမျှ တေဘူမက တရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးရခြင်းသဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့ မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံကြစေကုန်လော့။

(၆) ဧတ္တာဝတာစ၊ သမန္တာ ကစ၍ ရှုတ်ဖတ်ခဲ့သမျှ ဝစီပယောဂ လုံ့လဝီရိယဖြင့်။ အမ္မေဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ကောင်းစွာ ဆည်းပူးအပ်ပြီးသော။ ပုည သမ္ပဒံ၊ ကောင်းမှု၏ ပြည့်စုံခြင်းကို။ ဝါ၊ ပြည့်စုံပြီးသော ကောင်းမှုကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗသမ္ပတ္တိ ဘဒ္ဒိယာ။ မိမိတို့ ကိုယ်စီ လောကီလောကုတ္တရာ အလုံးစုံသော စည်းစိမ်ချမ်းသာပြီးစီးအောင်မြင်ခြင်းငှာ။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု-သာဓု ခေါ်ကြစေကုန်သတည်း။

(၇) သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာပြီးစီးခြင်းငှာ။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဒ္ဓါယ၊ သဒ္ဓါယုံကြည်ခြင်းဖြင့်၊ ဒါနံ၊ အလှူကို။ ဒဒန္တု၊ လှူဒါန်းပေးကမ်းကြစေကုန်သတည်း။ သီလံ၊ သီလကို။ ရက္ခန္တု၊ စောင့်ရှောက်ကြ

စေကုန်သတည်း။ဘာဝနာဘိရတာ၊သမထ ဝိပဿနာဘာဝနာ၌ လွန်စွာမွေ့လျော်ပျော်ပိုက်ကုန်သည်။ ဟောန္တု၊ဖြစ်စေကုန်သတည်း။ အာဂတာ၊ သမန္တာဖြင့် တရားနာရန် ဖိတ်မန်၍လာရောက်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ မိမိတို့ဝေယံ ဘုံ ဗိမာန်သို့ ပြန်သွားကြစေကုန်သတည်း။

(၈) ဗလပ္ပတ္တာ၊ကိုယ်အားဉာဏ်အား ဆယ်ပါးသို့ ရောက်တော်မူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါစ၊ သဗ္ဗညု ဘုရားရှင်တို့၏ငှင်း။ ပစ္စေကာနဉ္စ၊ ရှင်ပစ္စေကဗုဒ္ဓါတို့၏ငှင်း။ ယံဗလံ၊ အကြင် အားစွမ်းသည် အတ္ထိ၊ ရှိ၏။ တေန ဗလေန၊ ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအားဖြင့်ငှင်း။အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏တေဇေနစ၊တန်ခိုးရှိန်ဇော်-အာနုဘော်အားဖြင့်ငှင်း။သဗ္ဗသော၊ဆယ်မျက်နှာ ရပ်ခွင် ထက်ဝန်းကျင်မှ၊ ရက္ခံ၊ ဘေးရန်အန္တရာယ် အကာအကွယ် အစောင့်အရှောက် အရံအတားကို။ ဗန္ဓာမိ၊ ဖွဲ့ဆီးရံတားပါ၏။

သဗ္ဗေသခါရော-စသော(၈)ဂါထာအနက်ပြီး၏။

---

မေတ္တာ တရားဆောက်တည်ရန်ပါဠ်

(၁) ဂဟပတိဒါနစိဝရံ ပဋိက္ခိပါမိ။ ပံသုကူလိကင်္ဂံ သမာဒိယာမိ။ (ပံသုကမေ့တင်)

(၂) စတုတ္ထစိဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။ (တေစီဝရိက်ဓုတင်)

(၃) အတိရေက လာဘံ ပဋိဂ္ဂဏှာမိ၊ ပိဏ္ဍပါတိကင်္ဂ သမာဒိယာမိ။ (ပိဏ္ဍပါတ်ဓုတင်)။

(၄) လောလုပ္ပစာရံ ပဋိက္ခိပါမိ။ သပဒါန စာရိကင်္ဂ သမာဒိယာမိ။ (သပဒါန ဓုတင်)။

(၅) နာနာသန ဘောဇနံ ပဋိက္ခိပါမိ။ ဧကာသနိကင်္ဂ သမာဒိယာမိ။ (ဧကာသနိက် ဓုတင်)။

(၆) ဒုတိယဘာဇနံ ပဋိက္ခိပါမိ။ ပတ္တပိဏ္ဍိကင်္ဂ သမာဒိယာမိ။ (ပတ္တပိုက် ဓုတင်)။

(၇) အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ။ ခလုပစ္ဆာဘတ္တိကင်္ဂ သမာဒိယာမိ။ (ခလုပစ္ဆာဓုတင်)။

(၈) ဂါမန္တသေနာသနံ ပဋိက္ခိပါမိ။ အာရညိကင်္ဂ သမာဒိယာမိ။ (အာရညိကင် ဓုတင်)။

(၉) ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂ သမာဒိယာမိ။ (ရုက္ခမူဓုတင်)။

(၁၀) ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ။ အဗ္ဘောကာသိကင်္ဂ သမာဒိယာမိ။ (အဗ္ဘောကာသိက ဓုတင်)။

(၁၁) န သုသာနံ ပဋိက္ခိပါမိ။ သောသာနိကင်္ဂ သမာဒိယာမိ။ (သုသာန် ဓုတင်)။

(၁၂) သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ။ ယထာသန္ထတိကင်္ဂ သမာဒိယာမိ။ (ယထာ သန္တတိ ဓုတင်)။

(၁၃) သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ။ (နိသိ ဓုတင်)။

ဓုတင်တေရသ ဆောက်တည်ရန်ပါဌ်၊ ဘုရားရှေ့၊ ဆရာ မိဘရှေ့၊ မိမိဘာသာ ဆောက်တည် ကောင်းသည်ချည်းမှတ်။

အနက်ကို–အလိုရှိလျှင် ပရမတ္ထသရူပဘေဒနီစာအုပ်တွင် ကြည့်လေ။

နာနာသနဘောဇနံ၊ ယာပိုထ်ပြောင်းကူး၊ အထူးထူး သောခဲနေရာ၌ စားခြင်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ကောသနိကင်္ဂံ၊ ယာပိုထ်မလည်းတခဲနေရာတည်း၌စားလေ့ရှိသော ပုဂ္ဂိုလ်၏ အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏။ ဆောက်တည်ပါ၏။

ဒုတိယ ဘာဇနံ၊ နှစ်ခုမြောက်သောခွက်ကို။ ပဋိက္ခိပါမိ ပယ်ပါ၏။ ။ပတ္တပိဏ္ဍိကင်္ဂံ၊ တခွက်အထိး တည်း၌သာ ဆွမ်းကို ယူခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဆောက်တည်ပါ၏။

ဤကား-အများနှင့်သာ ဆက်ဆံသောကြောင့်
ထုတ်၍ ရေးလိုက်သည်။

## ကျောင်းသားကျင့်ဝတ် ၁၀–ပါး

(၁) စားဘွယ် သီးမျိုး၊ တကြိမ်ခိုး၊ ထမ်းပိုး ဒုက္ခသုံး ဆယ်ပါ ဘုရား။

(၂) နှစ်ကြိမ်မြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းဝယ် မနေရပါဘုရား။

(၃) ဘိုးဘိုက်ခိုးလျှင်၊ တကြိမ်ပင်၊ တိုက်တွင် မနေရပါဘုရား၊
(၄) ကိုင်၍ တုတ်၊ ဓား၊ ခိုက်ရန်ပွား၊ ထွက်သွားကျောင်းတိုက်ကပါ ဘုရား။
(၅) ကစားမျိုးလိုက်၊ ကျောင်းသားမိုက်၊ ကျောင်း၌မနေရပါဘုရား။
(၆) ပုတီးကိုစိပ်၊ ငြိမ်ဆိတ်ဆိတ်၊ ဆေးလိပ်မသောက်ရပါဘုရား။
(၇) ညဥ့်ရောနံနက်၊ ရက်မပျက်၊ ဝတ်တက်အမှန်လိုက်ရပါသည် ဘုရား။
(၈) ညဥ့်နံနက်ရွက်၊ ရန္တုတ်လွှတ်၊ မပြတ်နေ့တိုင်း ရွတ်ရရပါသည် ဘုရား။
(၉) ဝါပ-ဝါတွင်း၊ လေးသီတင်း၊ မပျင်းဥပုသ်စောင့်ရပါသည်ဘုရား။
(၁၀) ပစ္စဝေက္ခဏာ၊ လိင်ဒဏ်ပါ၊ ရခါ ရှင်ပြုရပါသည်ဘုရား။
(၁၁) ကျင့်ဝတ်ဆယ်ပါး၊ မောင်ကျောင်းသား၊ မမှားကျင့်သုံးရပါသည်ဘုရား။

ကျောင်းသားကျင့်ဝတ် ဆယ်ပါးပြီး၏။

## ရွှေကျင်ဂိုဏ်း ဒါယကာချင်းချင်း ဖြန့်ကမ်းရန် ဂဏသုဒ္ဓိ အမိန့်စာ

ရွှေကျင်ဂိုဏ်းဟု သမုတ်ခံလျက် နေလွဲဆေးဝါး ဆေးသောက် စသော ဝိကာလဘောဇန အနွှံရာယ် ပတ်မူများကို အချို့ပြုလုပ်ကြသည်ဟု သတင်း ဖြစ်ပွား ကြားသိရ၍။ နံနက်အခါသော်မှ ဆေးကွမ်းမဝါးသော အထက်နာယက အရှင်ရွှေကျင် ဆရာတော်ဘုရားကြီး၊ ကူခန်းခင်မှန်၊ ပဲခူးတောရ ဆရာတော်ဘုရားကြီး များ၏ တပည့်သား အစဉ် ရွှေကျင်ဂိုဏ်းသား အစစ်ကား....

(၁) နေလွဲ ဆေး မဝါးခြင်း။
(၂) နေ့စဉ်-သပိတ်၊ လင်ပန်း၊ ပန်းကန်တို့ကို ပွတ်ခြင်း။
(၃) ရေလှူ၊ ပန်းလှူ၊ ဆီမီးလှူ၊ ဘုရားရှိခိုး ဝတ်တက် ရွတ်ဖတ်ပြီးဆုံး၍ ညဥ့် ၉-နာရီ ၁၀-နာရီ၊ ၁၁-နာရီ ကျအောင် စာအံ-စာချ ပုတီးစိပ်ရခြင်း။
(၄) သဟသေယျလည်း မဖြစ်ရအောင်၊ နံနက်စောစောထ၍ ဘုရား ဝတ်တက်ပြီးလျှင်၊ အရုဏ်တက်အောင်ထိုင်၍ ရဟန်းတရားကို နှလုံးသွင်းခြင်း။
(၅) " တိမိဿဿကုတောသီလ " ဟူသည် အတိုင်း မကြာခင် သီလပျက်ပြား၊ သူတပါးစွပ်စွဲ၊ ဂိုဏ်းသည်းကွဲကြောင်းဖြစ်၍၊ မာတုဂါမ မယ်သီလ ထိုကို ဘဏ္ဍာစိုးမပြုလုပ်ရ။ နေ့ဝါ၊ ညပါ စာမပို့မချရခြင်း။

(၆) မိမိနေရာ ဂါမခေတ်၌ သင်္ဃာစေ့လျှင်၊ သဘာဝ ကျောင်းသိမ်၌ စည်းဝေးလျက် ပါတိမောက် အကျယ်ရွတ်၍ သင်္ဃာဥပုသ်ပြုခြင်း။

(၇) မိုးမရွာ မနာမဖျားဘဲ၊ ထီးဆောင်းလေ့မရှိခြင်း။

(၈) ကျောင်းထိုင် မထေရ်ကြီးတို့မှာ... "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်။ နာမ် ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ"

ဟူသည်နှင့်အဘန်အရာပြည့်စုံအောင်၊ ဒွေမာတိကာ၊ ခုဒ္ဒသိက္ခာ ကင်္ခါ၊ သဂြိုဟ်များကို ကျေကျေနပ်နပ် လေ့လာ၍ နိဿယည်း ဥပဇ္ဈာယ်ပေးခြင်း။

(၉) "ရဟန်းကိစ္စ၊ နှစ်ဓုရ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန် နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွား ကြောင်း".... လေးပါးနှင့် ပြည့်စုံ၍ ဂိုဏ်းသင်္ဃာ သဒ္ဓါလောက်အောင် နေခြင်း။

(၁၀) ဂိုဏ်းထဲ၌ ပါရာဇိက ဝတ္ထုမျိုး ဖြစ်ပေါ်လာလျှင် သင်္ဃာ မကွဲမပြား အများ ကုက္ကုစ္စ ကင်းလောက် အောင် ဖြတ်တောက် ဆုံးမခြင်း။

(၁၁) ကုလဒူသက, အနေသန မိစ္ဆာဇီဝမျိုး၊ အဂ္ဂိရတ်ထိုး စသော အဓမ္မများသော ကျောင်း-တိုက်တာများ၌ မစားသောက် မတည်းခိုခြင်း။

(၁၂) ၎င်း ပုဂ္ဂိုလ်တို့၏ ပစ္စည်းကို သိလျက် မသုံးဆောင်ခြင်း။

(၁၃) ထိုပုဂ္ဂိုလ်တို့နှင့်ဆွမ်းစဉ်ပရိတ်ရွတ်၊ မသာ အသုဘရှုခဲ့ရန် ပြုလုပ်၍ မနေခြင်း။

(၁၄) ဘုန်းကြီးပျံရှိလျှင် ဘုန်းကြီးချင်း မကူမပံ့ရ၊ ကူပံ့လျှင်လည်း ဘုန်းကြီးပျံက ရသောပစ္စည်းကို မသုံး၊ စွန့်ပစ်ခြင်း။

(၁၅) ကျောင်းသားများကို ဘိုးသူတော်မလုပ်လျှင်ကစားဆေးသောက် မရှိစေရ၊ ဝါပဝါတွင်း, သီတင်းနေ့၌ ဥပုသ်စောင့်စေခြင်း။

ဤအကြမ်းလိုရင်း ၁၅ ပါးနှင့် ပြည့်စုံမှ ရွှေကျင်ဂိုဏ်းသား အစစ်မှတ်၊ နေ့လွဲဆေးဝါး, ကွမ်းစားဆေးသောက်ခြင်းစသည်တို့ကိုပြုမူကား.... ရွှေကျင်ဂိုဏ်းသား အတုအပ၊ ဝင်မြောင်ခိုလာနေသောသူ ဖြစ်၍ သမ္ဘောဂ နှစ်ပါးပင် ရှောင်ကြဉ်အပ်၏။

[နာယက, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ပါတီမောက်ခေါင်း ဆရာတော်တို့အလိုကျ ထုတ်ပြန် အပ်သော ဂဏသုဒ္ဓိ အမိန့်စာ]

ကြောက်မက်ဘွယ်ကောင်း၊ ဆင်းရဲ ပေါင်း၏၊ ခိုအောင်းတည်ရာ၊ သံသရာကို၊ မကြာ လွန် မြောက်၊ နိဗ္ဗာန် ရောက်အောင်၊ ကြံရည်ဆောင်၍၊ မြားမြောင် မျိုးသား။သူကောင်းများတို့၊ မှတ်သားလေ့လာ၊ သာသနာလည်း၊ နေဝါ,လ

ဝန်း၊ ဓမ္မာဝင် မစွန်းဘဲ၊တက်ထွန်းသည့်သွင်၊ ပတ်ဝန်းကျင်၌၊ စည်ပင် စေသဝး၊ ပုံနှိပ်ထားသည်.... အများ သာဓု ခေါ် စေစေသော်။

---

## အာသိသ ၂ ဂါထာ

မဟာဝိသုဒ္ဓါရာမဿိံ ။
သာယံ ပါတောပိ ဘိက္ခဝေါ။
သမာဂန္တွာန ဂါယန္တိ၊
သန္တစိတ္တာ အတန္ဒိကာ။ ။

တထာ သမ္ပတ္တာ အာရာမေ၊
သာယံ၊ ပါတောပိ၊ ဘိက္ခဝေါ။
သာမဂန္တွာန ဂါယန္တု၊
သန္တစိတ္တာ အတန္ဒိကာ....တိ။

ဤတွင် ရှင်ကျင့်ဝတ်
ပြီး၏။

# အရှင် မဟာသီလဝံသ ဆုံးမစာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

(၁) တိလောကဟု၊ မရ နှိုင်းတု၊ ဘက်မပြုသည်။ သုံးဆူရတနာ၊ မာတာ,ပိတာ၊ ဆရာ,စသား၊အရှင် များကို၊ ပြစ်မှားမဆို၊ ရိုသေလှစေ၊ သာမဏေ၊ သူငယ်,စသား၊တပည့်များတို့၊ မှတ်သား ကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်းတွင် ကြပ်ကြပ်၊ စွဲ၍မှတ်။

(၂) ကယောက်ကယက်၊ ကျက်ကျက် ပျောက်ပျောက်၊ စား,သောက်, အိပ် နေ၊ မရှိစေနှင့်၊ သေသေ သပ်သပ်၊ စိတ်ယူစွဲ၍ အမြဲမှတ်။

(၃) ဆရာ သမား၊ မိဘ-များကို၊ နိုးကြား မပြတ်၊ မျက်သစ် ဒန်ပူ၊ လုံ့လထုသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

(၄) ဘုရားခြေရင်း၊ ကျောင်း တလင်းတွင်၊ မြက်, သစ်ပင်ကို၊ မြင်လျှင် မဖွယ်၊ မသပ္ပါယ်သော်၊ လည်၍မပြတ်၊ တံမြက်ခတ်၊

(၅) သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်း မြင်သော်၊ ခေါ်ငင် ညီညွတ်၊ သွား၍ခပ်။

(၆) နေ့.ည,နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်းဖြူးဖျာကို။ ခင်းလာယူငြား၊ သွင်းခေါက်ထား။

(၇) သင်္ကန်း,သပိတ်၊ ပရိက္ခရာ၊ ထည့်သွားခါသော်၊ ယူရာ သည့်ချား၊ ပြင်၍ထား။

(၈) ခရီးပန်းပင်၊လာသည်မြင်သော်၊အလျင်လှမ်းယူ၊ပတ် သင်္ကန်းကို၊ ချွေးစွန်းမှုကား၊ နေပူပြန့်လှန်၊ သွင်း ခေါက်ထား။

(၉) ရေချမ်းကပ်လျက်၊ ခြေ·လက်ဆုပ်နယ်၊ မှု·ကြီးငယ် ကို၊ လွဲဖယ်မသွား၊ ယပ်လေခပ်၍ နေထံပါး။

(၁၀) ကိုယ်·သင်္ကန်း၍၊ ကိန်းစက်ပျော်ခါ၊ဘစဉ်စဉ်နှင့်၊ ပြာပြာခလာင်ခလာင်၊ တခေါင်ဖေါင်သည်၊ခေါင် ခေါင်ကြမ်းကို မနင်းနှင့်။

(၁၁) ရိုင်းစိုင်းနီးကပ်၊မကိုင်းညွတ်ဘဲ၊မတ်တတ်ကြားတား တိုးမသွားနှင့်။

(၁၂) စားဘွယ်ခဲသောက်ရာ၊ကပ်သောခါလည်း၊ ချဉ်းလာ နီးစေ၊ ခြေစုံခနှ၍၊ရိုသေခည္တတ် ချဉ်း၍ကပ်။

(၁၃) ဘုဉ်းပေးဆိုဘန်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည်နှယ် မမေးနှင့်။

(၁၄) မိဘ ဘဦး၊ ဆရာဦးကို၊ ခူး၍ အလျှံ မစားနှင့်။

(၁၅) မိဘဆရာ၊ထားသည့်ဟာကို၊မျက်နှာကွယ်လျှင်၊မယူ ငင်နှင့်၊လိုချင်သောအား၊ စားချင်ပြောကာ၊တောင်း ပါကြ။

(၁၆) သပိတ်ဆွန်းခွက်၊ ဆောင်ရွက်မပြတ်၊ဆွမ်းဟင်းကပ် ကို၊ ပွဘ်တုံညစ်ကြေး၊ မှုမဘင်ခအောင်၊ စင်ငစ် ဆေး။

(၁၇) ကျောင်းတွင်အိမ်ဘွင်၊ မသင့်မြတ်သော်၊ ယူငင်သိမ်းဆဲ၊ အထဲသို့ပြေး၊ ကောင်းကောင်းထား။

(၁၈) အမှုနည်း များ၊ ခန့်ညားမြင်မြော်၊ တခွန်းခေါ်ကကြားသော်ခဏ၊ ချဉ်းကပ်ကြ။

(၁၉) ကိစ္စရှိသော၊ သွားပါစေသော်၊ လျင်တွေခဏ၊ လာပါကြ။

(၂၀) တပါးတပို၊ သွားကြလိုသော်၊ ဆရာကိုပန်မှ၊ သွားပါကြ။

(၂၁) မိ-ဘ ဖူးမြင်၊ ရွာသို့ဝင်လည်း၊ မြေမြင်, လက်မြင်၊ ချိန်ခါတွင်၌၊ လျင်လျင်ခဏ၊ ပြန်ပါကြ။

(၂၂) အိမ်ဘွင် ကျောင်းတွင်၊ ဖျားနာကျင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍၊ လုပ်ကျွေးကြ။

(၂၃) သိဘင်း သုံးချင်း၊ ချစ်ခင်ပြင်း၍၊ ပဉ္စင်းနှင့်ရှင်၊ ညီတွင် အစ်ကို၊ လွန်ကြည်ညိုသည်၊ ဆရာကိုအဘ၊ မှတ်ပါကြ။

(၂၄) အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖယ်နှိမ့်ချ၊ ရိုတုပ်ကြ။

(၂၅) ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာ-ကျွန်ုပ်၊ လက်အုပ်ချီကြွ၊ ပူလုပ်ကြ။

(၂၆) တရားဒေသနာ၊ ဟောသော ခါလည်း၊ နှုတ်မှာ မဒေစာင့်၊ အလွန်ဖမှာင့်၍၊ တထောင့်စကား မပြောနှင့်။

(၂၇) လှူဘွယ်-ဒါန်းဘွယ်၊ ရောက်လာ ဝယ်လည်း၊ လဲလှယ်ခဏ၊ သူ့ခွက်ယောက်ကို ပေးလိုက်ကြ။

(၂၈) ဆေးနှင့် မီးလျှင်၊ ညွှတ်သည်မြင်သော်၊ အလျှင် ခဏ၊ တည်ပါကြ။

(၂၉) မင်းသွား-ငါသွား၊ အချင်းများ၍၊ စကား ဘောက်ဆတ်၊ မဆိုအပ်။

(၃၀) မပြတ်မချာ၊ ဆူလှုယ်လာ၍၊ ဆရာ့ထံပါး၊ စေစား လိုရ၊ နေပါကြ။

(၃၁) ရဟန်းသံဃာ၊ တည်းခိုလာသော်၊ သင့်ရာ အထူး၊ သင်ဖြူးနှင့် ဖျာ၊ လာ၍ဖြဖြ၊ ခင်းကုန်ကြ။

(၃၂) ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင် တ ထွေ၊ မြဲအောင်နေ။

(၃၃) တပြည်တရွာ၊ သွားသောခါလည်း၊ ကောင်း စွာရုံဝတ်၊ ကိုယ်ရှိန်သတ်၍၊ နေတတ်ကြ။

(၃၄) မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထ-ကြွ-တမေ၊ လွန်မွေ့သိမ်၍၊ ငြိမ်ငြိမ်နေ။

(၃၅) မျက်မှောက် ကောင်းငြား၊ ပြင်တပါးတွင်၊ တမြား ပေါက်ပြန်-မကျင့်နှင့်။

(၃၆) တစိုစီစီ၊ တဟီဟီနှင့်၊ ကျီစား၍လည်း မနေနှင့်။

(၃၇) အယုတ်ညစ်အား၊ မဆဲပြောဘဲ၊ ခံသည်းမြဲနှင့်၊ နင်ဘဲကိုမျှ-မဆိုနှင့်။

(၃၈) ရန်မရှုပ်ရဲ၊ ရှောင်လွှဲဖယ်ခြား၊ သတ်မည်လားဖြင့်၊ လက်ဖျားကိုမျှ-မထိနှင့်။

(၃၉) ချစ်ခင်ရှိသော၊ သင့်တတ်စေ၍၊ မအေ-ဘရင်း၊ တဝမ်းတွင်းသို့၊ သားရင်းလိုပ၊ မှတ်ပါကြ။

(၄၀) သက်နှင်းအဝတ်၊ ချွတ်ခါပစ်လေ၊ မရှိသေပဲ၊ ကမ်ဗလကဝ၊ မသုတ်ချဘဲ၊ သူ့အဝတ်ကို မဝတ်နှင့်။

(၄၁) တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ကြည့်ကြလျက်သာ၊ မနေရာသည်၊ တတ်ပါ-သမျှ၊ လုပ်ဆောင်ဆိုကာ၊ ညီညာကြ။

(၄၂) ဆရာ့နေ့ခင်း၊ အင်းပျဉ်ညောင်စောင်း၊ လည်းလျောင်းဘုံလျှိုး၊ ထိုထိုထက်မှာ၊ မနေရာ၊ မြင့်ရာမသင့်၊ မနေနှင့်။

(၄၃) ရှေ့ကစူးစူး၊ ဒူး-လက်, ကိုဆောင်၊ ထိုင်ဆေစင့် ကြောင်နှင့်၊ ပေါင်,လက် ကားကား၊ အပါးကြပ်ကြပ် မနေအပ်။

(၄၄) ရှင်နှင့် သူငယ်၊ သောက်ရေအိုးကို ဘခြားတယ်၊ အခြားအရာ-သုံးသည်မသင့်၊ ကျောင်းဦးရေကို-မသောက်နှင့်။

(၄၅) ရဟန်းသံဃာ၊ အရိယာကို၊ သာမဏေက၊ သူငယ်စသား၊ တပည့်များတို့၊ ကြို့ကြို့ငွဲငွဲ၊ တုဘဲ့မဆို၊ ရှိသေလှစေ၊ မြွေပွေးမြွေဟောက်၊ မထိစောက်သို့ ရှုံ့ကြောက်စေ။

(၄၆) မွေ့တော်ခံစံတော်၊ ရုပ်ထုတော်ကို၊ ပူဇော်မပြတ် ရှေ့ကျောင်းဦးမှာ ဖြည့်ကြဝတ်။

(၄၇) နံနက်မိုးသောက်၊ အချိန်ရောက်လျှင်၊ လက်အုပ် တင်ထား၊ ဘုရား-တရား၊ ဂုဏ်တော်များကို၊ ကြိုး စား လုံ့လ၊ ဆောက်တည်ကြ။

(၄၈) ခါခါသည်စာ၊ သည်ဂါထာကို၊ မြဲစွာကျက်မှတ်၊ ဆရာအပ်သည့်၊ တတ်ပါစေချင်၊ ငါ့ကို သင်ဟု၊ စိတ်တွင်လည်းရွှတ်၊ လျင်လျင်ရအောင်တိုး၍ကျက်

(၄၉) အချိန်တန်၍၊ စာအံဆိုလျှင်၊ မအံတခါ၊ အံတခါ နှင့်၊ မျက်နှာတပါး၊ စာ-တခြားနှင့်၊ စကား ပြောဟော၊ တသောသောသည့်၊ ရယ်မော၍လည်း မခနှင့်။

(၅၀) တယောက်တခြား၊ စကားမဆို၊ ကိုယ်စီကိုယ်ငှ၊ သင်ပုန်း-ပေမှာ၊ လက်မကွာအောင်၊ စာရေးကြ။

(၅၁) နပန်းဆံနှင့်၊ နောက်ဆံ လည်သား၊ ဆံဖားရားနှင့် ဖူထွားခေါင်းပေါင်း၊ နားညှောင်းဝတ်ခါ၊ ပန်း ပန်ခါနှင့်၊ နံ့သာလိမ်းကျံ၊ ဟန်ပန်ရှုပ၊ ခုန်က မြူးရှင်၊ ရွှေ-ငွေဆင်၍၊ ရှင်တို့သည်နှယ် မကျင့်နှင့်။

(၅၂) သင်္ကန်းမှာစွဲ၊ ပိန္နဲအပြင်၊ လှစေချင်၍၊ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးကို- မဝတ်နှင့်။

(၅၃) ဒသသီဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင့်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ၊ ညီလှစေ။

(၅၄) မပြတ်အသံ၊ တညံ့ညံ့နှင့်၊ စစအံစစဖတ်၊ ကျက်မှတ်မြဲသည်း၊ သည်-လည်း, ည-သတ်၊ ပြတ်ပြတ်သဓးသား၊ စကားဆိုထွေ၊ ပီသစေ။

(၅၅) သင်ပုန်းခပမှာ၊ ရေးသောခါလည်း၊ ခရာမှန်လှ၊ တလုံးမျှပင်၊ မကျရအောင်၊ သတိ ဆောင် ၍၊ ကောင်း အောင် ရေး လေ၊ စ ခ လုံး ကို လ ည်း လှကြစေ။

(၅၆) မဆိတ်မညံ၊ ကျောင်း-ကန် ဆိုက၊ နေ့-ည မဆိတ်၊ မအိပ်-မနေ၊ စာဖတ်ကိုလည်း၊ မြဲလှစေ။

(၅၇) မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ နှလုံးစွဲအောင်၊ တခဖောင်ဖောင်နှင့်၊ သန်းခေါင်ညဉ့်နက်၊ ကျက်မှတ်သမျှ၊ စစ,ကုန်ခလ, ညဉ့်ကိုဆိုက ရွတ်နိုင်စေ။

(၅၈) ပဥ္စင်း-မောင်ရှင်၊ သူငယ်သွင်တို့၊ မသင်-မရွတ်၊ မဖတ်စာခပေ၊ မခရမရာ၊ နေသာကုန်အောင်၊ ယီးယောင်ထွေပြော၊ တခသောသောနှင့်၊ ရယ်မော၍လည်း မခနနှင့်။

(၅၉) ပဥ္စသီငါးပါး၊ ဘုရားမုခပါဌ်၊ လူ့ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ၊ ရှိကြစေ။

(၆၀) ဗဟုသုတ၊ တတ်လှစေချင်၊ ဆုံးမသင်သည်၊ သင်သာ ခိုက်ကို၊ သင်လိုက်ကြ။

(၆၁) သို့ပင်တစေ၊ မနေရသာ၊ ကျောင်းကခွါသော်၊ နောင်ခါနောင်တ ရှိတတ်စွ။

(၆၂) အတတ်ပညာ၊ ရမှသာလျှင်၊ ကျောင်းမှာနေကျိုး နပ်မည်ပ။

(၆၃) ဆုံးမစကား၊ ဤသည်များကို၊ မှတ်သားဝမ်းထဲ စိတ်မစွဲမူ၊ သဲဒဏ်၊ ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည် ကြံတော့၊ မင်းတို့ကျော။

(၆၄) ယခုအခါ၊ သာသနာဝယ်၊ လူမှာဖြစ်ရ၊ လွန်ခဲ လှ၏။

(၆၅) လူထက်သာမကော၊ မြတ်ပေမြတ်ခြင်း၊ ပဥ္စင်းသံဃာ ဖြစ်ပြန်ပါသော်၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိ။

(၆၆) သိကြစေပါ၊ သည်ဘက်သည်သာ၊ မြတ်ရာရာကို၊ လွယ်ခါခါကော၊ လှမ်းပါကြ။

(၆၇) အထက်မြင့်စွာ၊ တုသိတာသို့၊ မကြာခဏ၊ ရောက် နေကြ။

(၆၈) မိမွေ-ဘမွေ၊ ဆရာ့မွေကို၊ မကျန်စေရ၊ ပေးဝေငှ။

(၆၉) ပထမဝယ်၊ ငယ်ရွယ်ကာလ၊ သားပုတ္တကို၊ မွေဘ မိခင်၊ တတ်စေချင်၍၊ သွန်သင်စိမ့်ငှာ၊ မြတ်ဆရာ၏၊ ပညာရင်နို့၊ သောက်စို့ကုန်ပါ၊ အပ်နှံလာသည်၊ ဆရာသင်တိုင်း၊ မှတ်ကုန်ကြ။

(၇၀) ခြိုးခြိုးခြံခြံ၊ ဆရာ့ထံဝယ်၊ သင်အံလို့လ၊ အားထုတ်မှု။

(၇၁) စကားပြောဟော၊ တသောသောနှင့်၊ ရယ်မောရ၍လည်း မနေနှင့်။

(၇၂) ဆရာခေါ်လျှင်၊ လျင်လျင်ခဏ၊ ရောက်ပါကြ။

(၇၃) သူငယ်ဖော်ချင်း၊ နိုင်နင်းကလူ၊ ငယ်သောသူကို၊ ကြီးသူအနိုင် မကျင့်နှင့်။

(၇၄) တပိုတပါး၊ ရေခပ်သွားသော်၊ ကစား၍လည်း မနေနှင့်။

(၇၅) ကစား၍သာ၊ ရေမှာကြာသည်၊ ဆရာသိပြန်၊ ဒဏ်ရိုက်ပြန်က၊ သဲဒဏ်,ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာစော၊ မင်းတို့ကျော။

(၇၆) မိထံဘထံ၊ အိမ်သို့ပြန်လို၊ ဆရာကိုလျှင်၊ တိုင်ပင်ပြီးခါ၊ ဝန္ဒနာပဥ္စ၊ ဦးနှိမ်ချ၍ ပြန်ပါကြ။

(၇၇) မတိုင်မဆို၊ အလိုလိုသာ၊ သွားလေပါမူ၊ ပြန်လာရိုက်လေ၊ ညက်ညက်ကျေမည်၊ သရေလွှမ်းတော့ မင်းတို့ကျော။

(၇၈) သားတို့မှာလည်း၊ ပညာလိုချင်၊ ကျောင်းကန်ဝင်သော်၊ မသင်တခါ၊ သင် တခါနှင့်၊ မလာတနေ့၊ လာ တနေ့နှင့်၊ ဆို၍မနိုင်၊ ဖျင်းခေါင်တိုင်သည်၊ တွေ့မှိုင်လျက်သာ၊ နေ့ရက်ကြာလျှင်၊ တခါရိုက်လေ၊ ညက်ညက်ကျေမည်၊ သရေလွှမ်းတော့ မင်းတို့ကျော။

(၇၉) ဆရာမြတ်မှန်၊ သီလဝံသ၊ ထေရအကျော်၊ မိန့်တော်နှုတ်နက်၊ ဆုံးမချက်ကို၊ သက်သက်သာသာ၊ ပါဠိဂါထာဖြင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ဆို၊ နှုတ်ဖြင့်မှတ်ဘွယ်၊ များသူငယ်မှာ၊ လွယ်ပါစေကြောင်း ဥာဏ်ဖြင့်လောင်းသည်၊ ကောင်းကောင်း မှတ်စေကုန်သတည်း။

အရှင် မဟာသီလဝံသ-ဆုံးမစာ

ဤတွင် ပြီး၏။

# ရှင်ကျင့်ဝတ်ခက်ဆစ်မှတ်ဖွယ်

## အကျဉ်း

### ပစ္စဝေက္ခဏာ၌မှတ်ဖွယ်

ဉာဏ်၌ ထင်မြင်သဘောကျအောင် ဆင်ခြင်ခြင်းကို ပစ္စဝေက္ခဏာ ခေါ်သည်။ ။တနည်း.... ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်၍ သုံးဆောင်ခြင်းကို ပစ္စယသန္နိဿိတသီလ ခေါ်သည်။ ထိုသီလမှာ ပညာ လိုရင်း ပဓာန ဖြစ်သည်။ ထို့ကြောင့် ထုံးစံရှိလို့ သာလျှင် လုပ်လိုက်ရသည့် အနေဖြင့် အဓိပ္ပါယ်ကို နားမလည်ပဲ ပါဠိမျှကိုရင်း၊ ပါဠိအနက်ကိုရင်း အာ့တ်တာမဲ့ ရွတ်ဆိုရုံမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စ မပြီးဟုမှတ်။

ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရမည့် ပစ္စည်းကိုမှာ ဝိနည်း ဒေသနာတော်အရ သင်္ကန်း, ဆွမ်း,ကျောင်း, ဆေး,ဟု လေးပါးရှိသည်။

ထိုလေးပါးတို့အနက် ဝတ်, ရုံ, ခင်း, ခြုံ, ကောင်းသော သင်္ကန်း, စောင်, အဝတ်အထည် ဟူသမျှကို "သင်္ကန်း" ဟု မှတ်။

စား, ခဲ, မျိုအပ်သော အစာအာဟာရ ဟူသမျှကို "ဆွမ်း" ဟုမှတ်။

နေ, ထိုင်, လျောင်း, အိပ်စရာ ကျောင်း, ကုတင်, ညောင်စောင်း, အခင်း, ခြင်ထောင်, သစ်ပင်ရင်းတို့ကို "ကျောင်း" ဟုမှတ်။

ဘိလပ်ရည်, ဖျော်ရည်, ပျားရည်, သကာ, ထောပတ်, စသော သောက်ဖွယ် လျက်ဖွယ် မှန်သမျှကို "ဆေး" ဟုမှတ်။

## ဆင်ခြင်ရာအခါ

သင်္ကန်းကို ဝတ်တိုင်း, ရုံတိုင်း၊ ဆွမ်း, ဆေးတို့ကို စား သောက် သုံးဆောင်တိုင်း၊ ကျောင်း, အိပ်ရာ, နေရာကို ဝင်ထွက် နေထိုင်တိုင်း ဆိုင်ရာ ဆိုင်ရာ ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ရမည်။ ဝတ်ရုံ နေထိုင် သုံးဆောင်ဆဲ ခဏ၌မှ မဆင်ခြင်နိုင်လျှင် နေ့ကတနေ့ အရုဏ် မတက်မီအတွင်း တချိန်ချိန်မှာ အနည်းဆုံး တကြိမ်လောက် ဆင်ခြင်ရမည်၊ သို့မှမဆင်ခြင် မိပဲ အရုဏ်တက်သွားလျှင် ဣဏပရိဘောဂ ဖြစ်တော့သည်၊ ကြွေးတင်သွားပြီဟု ဆိုလိုသည်။

ထူးသည်မှာ ဆေးပစ္စည်း ဖြစ်၏။ ။၎င်းကို စားသုံးဆဲခဏ မှာပင် ဆင်ခြင်ရမည်၊ မဆင်ခြင်မိက သာမဏေမှာ ဒဏ်

ထိုက်၍ ရဟန်းမှာ ဒုက္ကဋ် အာပတ်သင့်၏။ ဣဏပရိဘောဂ ကား မဖြစ်သေး အရုဏ်တက်သည့် အထိ မဆင်ခြင်ဘဲနေမိမှ ဖြစ်သည်။

တောမီးလောင်သောအခါ စသည်၌ ဖြစ်သော မီးပူသည် "ဥဏှ"၊ နေပူသည် "အာတပ"ဟု နှစ်ခု အထူးခွဲမှတ်၊ ဤ ပစ္စဝေက္ခဏာ၌ ဟိရိကုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ် ကို ဖုံးလွှမ်းခြင်းအကျိုးမှာ အမြဲရသောအကျိုး, ကြွင်း အကျိုး သုံးပါးမှာ ရံခါရသောအကျိုး ဟု သိပါ။

ပတိ- အဝ -ဣက္ခဏာ- အဖန်ဖန်- ဉာဏ်ဖြင့် သက်ဝင်၍ ရှုခြင်းဟုဆိုသဖြင့် တကြိမ်မက အကြိမ်များများ ဆင်ခြင်နိုင် လျှင် ကောင်း၏ဟု မှတ်လေ။

ပစ္စဝေက္ခဏာ ဆင်ခြင်မှုနှင့်စပ်၍ ကာလိက လေးပါး ကိုလည်း သိသင့်သည်။

## ကာလိကလေးပါး

ဆောင်ပုဒ်....ယာဝ, ယာမ, သတ္တာဟ၊ ယာဝဇီဝိကာ

## ယာဝကာလိက

နံနက် အရုဏ် တက်မှ မွန်းတည့် အတွင်း၌သာ သုံးဆောင် ကောင်းသောကြောင့်ခဲဘွယ်ဆယ်ဘွယ်နှစ်ပါးနှင့်ဘောဇဉ်ငါးပါး ကို ယာဝကာလိကခေါ်သည်။

## ခဲ့ဘွယ်ဆယ့်နှစ်ပါး

ဆောင်ပုဒ်....မြစ်,ဥ,စွယ်,ညှောင့်၊ပင်,ခေါက်,ရွက်,ပွင့်,သီး စေ့ဆင့်၊ မှုန့်နှင့် စေးဆယ့်နှစ်။

(၁) မူလခါဒနီယ၊ ကဇွန်းဥ,စိမ်းစားဥ,စသော အမြစ် ခဲဘွယ်။

(၂) ကန္ဒခါဒနီယ၊ ကြာဥ, ဂက်မြေဇာဥ,စသော အဥ ခဲဘွယ်။

(၃) မုဠာဠခါဒနီယ၊ ကြာစွယ်အစရှိသောအစွယ်ခဲဘွယ်

(၄) မတ္တက ခါဒနီယ၊ ကြိမ်ညှောက် ထန်းညှောက် စသော အညှောက် ခဲဘွယ်။

(၅) ခန္ဓ ခါဒနီယ၊ ကြံ,ကြာရိုး စသော ပင်စည်ခဲဘွယ်။

(၆) တစခါဒနီယ၊ ကြံခွံ အစရှိသော အခွံခဲဘွယ်။

(၇) ပတ္တခါဒနီယ၊ ဂေါ်ဘီ, မုန်ညင်း, ဆလတ်,မုံလာ, စသော အရွက်ခဲဘွယ်။

(၈) ပုပ္ဖခါဒနီယ၊ ပန်းဂေါ်ဘီ,မုံလာပွင့် စသောအပွင့် ခဲဘွယ်။

(၉) ဖလခါဒနီယ၊ ထန်းသီး, အုန်းသီးစသော အသီး ခဲဘွယ်။

(၁၀) အဋ္ဌိခါဒနီယ၊ ကြာစေ့ စသော အစေ့ ခဲဘွယ်။

(၁၁) ပိဋ္ဌခါဒနီယ၊ဆံမှုန့်, ဂျုံမှုန့်စသော အမှုန့်ခဲဘွယ်။

(၁၂) နိယျာသခါဒနီယ၊ ကြံရည်, ဆေးကုလားမ စသော အစေးခဲ့ဘွယ်တို့တည်း။

အထူးမှတ်ရန်....ကြံခွံမှာ အရေခွံရှိတော့လျှင် ယာဝဇီဝိက ဖြစ်၏။ ကြံရည်မှာ အဖတ်ပါမှ ယာဝ ကာလိက၊ အဖတ်မပါလျှင် သတ္တာဟကာလိက၊ ဆေးကုလားမကို အချို့ ညနေဘက်သောက်ကြ၏။ မသောက်ကောင်း သတိရှိပါစေ။

## ဘောဇဉ်ငါးပါး

ဆောင်ပုဒ်... ထမင်း, ငါး, သား၊ မုန့်နှစ်ပါး၊ ငါးပါး ဘောဇဉ်တည်း။

ထမင်း, ငါး, အသားတို့မှာ ထင်ရှားပြီ၊မုန့်နှစ်ပါးဆိုသည်မှာ သတ္တုခေါ် မုံ့လုံးနှင့် ကုမ္မာသခေါ် မယောမုန့်တို့တည်း။ ထိုတွင်....

စပါးမျိုး ခုနစ်ပါးကို ကျက်ကျက်လှော်၍ ထောင်းထားသော အမှုန့်၊ ၎င်းအမှုန့်ကိုလုပ်ထားသော ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့် မုန့်မှန်သမျှကို သတ္တုမုန့်လုံး ခေါ်သည်။

မုယောစပါး, ဂျုံစပါးတို့ဖြင့် လုပ်ထားသော ပေါင်မုန့် ကွေ့ကွာအုတ်,ကိတ်မုန့်,ပရာတာ စသည်ကို မယောမုန့် ခေါ်သည်။

## အသားနှင့်စပ်၍ မှတ်ဖွယ်

ဆောင်ပုဒ်....လူ,မြွေ,မြင်း,ဆင်၊ခွေး,ခြင်,သစ်,ကျား၊ ဝံအောင်းအား၊အသားမအပ်ဆယ်ထွေတည်း

လူသား, မြွေသား, မြင်းသား, ဆင်သား, ခွေးသား, ခြသေ့်သား, ကျားသစ်သား, ကျားသား, လူဝံ့ဝက်ဝံသား, အောင်းသား၊ ဤအသားကြီး ဆယ်မျိုးကို ရှင်ရဟန်းများ မစားကောင်း။

အကြောင်းကား လူမှာ ဇာတ်တူချင်း ဖြစ်သောကြောင့် ဆင်,မြင်းတို့မှာ မင်းအင်္ဂါဖြစ်သောကြောင့်။ ခွေးမြွေတို့မှာ ရွံစရာဖြစ်သောကြောင့်။ ခြသေ့်,သစ်,ကျား,ဝံတို့မှာ သူ၏အသားကို စားမိလျှင် အနံ့ရ၍ လိုက်တတ်, ရန်မူတတ်သောကြောင့် မစားကောင်း။ စားလျှင် ရဟန်းမှာ လူသားအတွက် ထုလ္လစ္စည်း, ကြွင်းအသားများ အတွက် ဒုက္ကဋ် အာပတ်သင့်၏။ သာမဏေများမှာ ဒဏ်ထိုက်၏။

ဆောင်ပုဒ်.... လူသားထုလ္လစဉ်း၊ အကြွင်းဒုက္ကဋ်၊ ရဟန်းမှတ်၊ ဒဏ်တပ်သာမဏေ။

အသားကြီး ဆယ်မျိုး မစားအပ်ဆိုသဖြင့် ကြွင်းအသားမှန်သမျှ စားကောင်းပြီဟု မမှတ်နှင့်။

ရဟန်းသာမဏေများအတွက် သက်သက်ရင်း, ကိုယ်လဲစား ရဟန်းသာမဏေများကိုလဲ လှူရန်အတွက်ရင်း, အလှူအတန်း အတွက်ရင်း ရည်ရွယ်၍ သတ်အပ်သော ကြက်,ဝက်,ဘဲ,စသည် တို့၏ အသားမှန်သမျှကိုလည်း မစားကောင်း၊ ၎င်းအသား မျိုးကို ဥဒ္ဒိဿမံသ ရည်မှန်း၍သတ်သောအသား ခေါ်သည်။ ထိုအသားကို ဒိဋ္ဌ-ကိုယ်တိုင် မြင်သော်ရင်း, သုတ- လူပြော

သူ့ပြောဖြင့်ကြားရသော်၎င်း၊ ပရိသင်္ကိတ-ရည်မှန်းပြီးတော့ များ သတ်သားတာ ဖြစ်လေရော့သလား ...ဟု ယုံမှား သံသယ ဖြစ်သော်၎င်း မစားအပ်။

အထူး....အသားကြီး ဆယ်မျိုးမှာ သိချင်သိ မသိချင်နေ စားမိလျှင် အပြစ်ရှိတော့သည်။ ဥဒ္ဒိဿမံသ မှ သိမှ အပြစ်ရှိသည်။ အသားကြီးဆယ်မျိုးမှာ အသားသာ မအပ်သည်မဟုတ် ၎င်းတို့၏ အသွေး၊ အခွံ၊ အရိုး၊ အဆီရများလည်း မအပ်သည်သာဟု မှတ်။

## ယာဝကာလိက

ယနေ့အရုဏ်တက်မှ နက်ဖြန် အရုဏ်မတက်မီအတွင်း သုံးဆောင်ကောင်းသောကြောင့် မှန်ကျည်း- သရက်စသော အဖျော်ရည်များကို ယာမကာလိက ခေါ်သည်။

## သီးကြီး ၉-လုံး

ထန်းအုန်းနှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဗူးဖရုံ၊ မှတ်တုံသုံးသခွါး။

ထန်းသီး၊ အုန်းသီး၊ အိမ်ပိန္နဲ၊ တောင်ပိန္နဲ၊ ဗူးသီး၊ ဖရုံသီး သခွါးပြုတ်သီး၊ သခွါးဆစ်သီး၊ သခွါးကြောင်သီး။ ၎င်းအသီးကြီး ၉-လုံးမှာ ယာမကာလိကဝတ္ထုတွင် ပါဝင်သောကြောင့် အဖျော်ရည်လုပ်၍ မသောက်ကောင်း။

## မူလအဖျော်

သပြေ-သရက်၊ နွယ်သပြွက်၊ ဖက်သက်သစ်မည်စည်။

စတာအိမ်ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လေဘရှစ်ဖျော်ရည်

## အနုလောမအဖျော်

သီးသီး ခန့်သီး၊ ကြို့ကြိမ်သီး၊ မကျည်း ရှောက်တလီ။
အနုလောမ၊ ကျမ်း၌ပြ၊ ပါနမျိုးအမည်။

ကျမ်းဂန်၌ပြသော အဖျော်များကိုသာ ပြလိုက်ရသည်။ သီးကြီး ၉-လုံး စပါးမျိုးတို့မှ လွတ်သော အသီးများကို ဖျော်ရည်လုပ် သောက်ကောင်းပါ၏။ ဖက်သက် ဟူသည် မြရောကို ခေါ်သည်ဟု ကျေးဇူးရှင် ညောင်တုန်း ရွှေဟင်္သာ တောရစံကျောင်း ဆရာတော်ဆရာကြီး မိန့်တော်မူဘူးသည်၊ ။သစ်မည်စည်(မယ်ဇယ်) ဆိုသည်မှာ အသီးကိုသာ ဆိုသည်။ အပွင့်ကို ဖျော်ရည်မလုပ်ကောင်း,၎င်းမှ ကြွင်းသည့် အပွင့် အရည်မှန်သမျှ သောက်ကောင်း၏။ ။အရွက်၌လည်း ကဇွန်း, မုံလာစသော ဟင်းရွက်တို့၏ အရည်မှတပါးကြွင်းအရွက်တို့၏ အရည်ကို ဖျော်ရည် လုပ် သောက်ကောင်း၏ဟု မှတ်လေ။

အဖျော်မှန်သမျှ အစိမ်းအတိုင်း သော်၎င်း၊ နေဖြင့် ချက်၍ သော်၎င်း သောက်ကောင်း၏။ မီးဖြင့် ချက်၍ကား မသောက်ကောင်း။

## သတ္တာဟ ကာလိက

ခုနစ်ရက် ပတ်လုံး သိမ်း သိမ်းဆည်း၍ အကြောင်းရှိက သုံးဆောင်ကောင်းသောကြောင့် "သိပ္ပိ= ထောပတ်၊ နဝနီတ =ဆီဦး၊ တေလ=ဆီ၊ မဓု=ပျားရည်၊ ဖာဏိတ=တင်လဲ တို့ကို" သတ္တာဟကာလိက ခေါ်သည်။

## ယာဝဇီဝိက

တသက် ပတ်လုံး သိမ်း သိမ်းဆည်းထား၍ အကြောင်းရှိက သုံးဆောင်ကောင်းသောကြောင့် "ဇာတိပ္ဖိုလ်, လေးညှင်း, ဂျင်းစသော ဝတ္ထုများကို'၊ ယာဝဇီဝိက ခေါ်သည်။

၎င်းယာဝဇီဝိကတို့၏ သရုပ် အခရအဘွက်မှာများလှသောကြောင့် အချုပ် အားဖြင့် မှတ်ရန်မှာ....အကြင် အမြစ်, အနှစ်, အခေါက်,အခွံ"အဘာ, အရွက်, အပွင့်, အသီးတို့ကို အစာအာဟာရအဖြစ်ဖြင့် စားသုံးရိုး ထုံးစံ အစဉ်အလာ မရှိ၊ ထို ပစ္စည်း ဝတ္ထု အစုစု ဟူသမျှ ယာဝဇီဝိက ချည်းသာ ဟု မှတ်လေ။

အထူးမှတ်ရန်....ယာမ, သတ္တာဟ, ယာဝဇီဝိက သုံးမျိုးတို့ကို နေလွဲသောအခါ ဂိလာန- မကျန်းမာသူ ပိပါသ-ဆာလောင်မွတ်သိပ် သူတို့ သုံးဆောင် ကောင်း၏။ မနာလျှင် မဆာလျှင် မသုံးဆောင်ကောင်း။

**ကာလိက လေးပါးပြီး၏။**

## ပစ္စဝေက္ခဏာ ဆင်ခြင်နည်း အကျဉ်း

### သင်္ကန်း

အရှက် အကြောက်ကို ဖျက်ဆီး တတ်သော အင်္ဂါကြီး ငယ်ကို ဖုံးလွှမ်းခြင်းငှာ ဤသင်္ကန်းကို ငါ-ဝတ်ရုံ သုံးဆောင် ပါ၏။

### ဆွမ်း

အလုံးစုံသော သာသနာတော်ကို ချီး မြှောက် ခြင်း ငှာ ဤဆွမ်းကို ငါ-စားသောက် သုံးဆောင်ပါ၏။

### ကျောင်း

အချမ်းအပူကို ပယ်ဖျောက်ခြင်းငှာ ဤကျောင်းကို ငါ ကိန်းအောင်း မှီခိုပါ၏။

### ဆေး

ဆင်းရဲခြင်း ဒုက္ခဝေဒနာကို ပယ်ခွာ ခြင်းငှာ ဤ ဆေးကို ငါ-စားသုံး မှီဝဲပါ၏။

(ဤနည်းမှာ ခေတ်အလျောက် ငယ်ရွယ်သော သာမဏေ ကလေးများ၊ တရက် တန်သည် နှစ်ရက်တန်သည် အရေးပေါ် ဝတ်ရသော သာမဏေများ၊ ဒုလ္လဘ ရဟန်းတော်များနှင့် သင့် လျော်၍ ထည့်လိုက်သည်။ ရှေးဆရာတော်ကြီးများ သုံးစွဲရိုး ရှိ တော်မူကြသည်။ နည်းယူဘွယ်ပင်)။

### မြန်မာလို အကျယ်ဆင်ခြင်နည်း။

### သင်္ကန်း

ချမ်းပူကိုဖျက်၊ ခြင်, မှက်လေနေ၊ ကင်း, မြွေလှဲ့ယှက်၊ အရှိ ဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို့၊ ကိုယ်

ကိုစမ္ပာယ်၊ ပြင်ဆင်မယ်ဟု၊ စိတ်ဝယ်မှတန်း၊ ဤသက်နှ်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါသတည်း။

## ဆွမ်း

ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြူးရယ် မာန်ကြွ။ လှုပရှား ဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာခါတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်း ပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲ ပါသတည်း။

## ကျောင်း

ချမ်းပူကိုဖျက်၊ ခြင်၊ မှက်လေနေ၊ ကင်းမြွေဝေးမှု ဥတုဘေး ဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်း ကို၊ ကိန်းအောင်းမှီခိုပါသတည်း။

## ဆေး

ကျင်နာခံခက်၊ နှိပ်စက်ဘိဓိ၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာ ရွှင်လန်း၊ ဖြည့်နိုင်စွမ်းဘို့၊ ရည်မှန်း သုံးဆောင် ပါသတည်း။

## ကြွင်း ပစ္စည်း များ

ဖိနပ်ဆီမီး၊ ထီး တောင်ဝှေး စ၊ ဟူသမျှကို၊ အေးမြချမ်းပူ၊ မြေငူသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်း

ကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သစသနာကို၊ ကောင်းစွာ ကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲ ပါသတည်း။

## သက်နှန်းဆိုးရည်၌မှတ်ဖွယ်

ဆောင်ပုဒ်....မြစ်,ပင်,ရွက်ခေါက်၊ ပွင့်,သီးလျှောက်၊ ခြောက် ချက် ဆိုးရည်လာ။

အမြစ်.... ဆိုးရည်၌ - နနွင်းဥမအပ်၊ ကြွင်းအမြစ် မှန်သမျှ အပ်သည်။

အပင်.... ဆိုးရည်၌ - ထန်းကျင့်ပင် ပိန္နဲနွယ်ပင်မအပ်၊ ကြွင်း အပင်မှန်သမျှ အပ်သည်။

အရွက်.... ဆိုးရည် - မဲရွက်, ဒန်းရွက်, မအပ်,၊ ကြွင်းအရွက် အပ်သည်။

အခေါက်.... ဆိုးရည်၌ - ကြပိုင် (မဒမ) ခေါက်, ဒေါက်ရပ် ခေါက်မအပ်၊ ကြွင်းအခေါက်အပ်သည်။

အပွင့်.... ဆိုးရည်၌ - ဝတ်ပန်းပွင့်,ဝါ-ဆူးပန်းပွင့် ခေါက် ပွင့်မအပ်၊ ကြွင်းအပွင့်အပ်သည်။

အသီး.... ဆိုးရည်၌ - မအပ်သော အသီး မည်သည် မရှိ အားလုံးအပ်သည်သာ။

ဆောင်ပုဒ်.... မြစ်နန္ဒင်းပယ် ပင်စည်ဝယ်၊ ထန်းကျင့် ပိန္နဲနွယ်။
မဲနှင့်ဒန်းရွက်၊ခေါက်တွက်ကြပိုင်၊ဒေါက်ရပ်ပြိုင်
နိုင်နိုင် ပယ်ရမယ်။
ဝတ်ပန်း,ပေါက်ပွင့်၊ ဆိုးရည်နှင့်၊ မသင့် ဤကိုးသွယ်။

အထူးမှတ်ရန် ... အနံ့ကောင်းအောင် နံ့သာ။ အရောင်ကောင်းအောင်ချိပ်၊ ပြောင်တလက်လက် အရောင်ထွက်အောင် ဆီတို့ကို ဆိုးရည်၌ထည့်၍ မဆိုးရဟု ဝိနယသင်္ဂဟ အဋ္ဌကထာ ပါရာဇိကဏ် အဋ္ဌကထာတို့၌ ဆိုသည်။ ထို့ကြောင့် နီလွန်းသော ဟော်လံဆိုး သင်္ကန်းများ၊ ပြောင်ပြောင် လက်လက် အရောင်ထွက်နေသော ဘန်ကောက်,ပိုးဖဲ-စသောသင်္ကန်းမျိုးကို ဝိနည်းလေးစားသောပုဂ္ဂိုလ်များဝတ်ရုံသုံးဆောင်လေ့မရှိကြ။

## သုရာနှင့်မေရယ

ဆောင်ပုဒ်....ပိဋ္ဌ, ပူပ, ဩဒန၊ ကိဏ္ဏသမ္ဘာရ၊ သေငါးဖြာ၊
ပုပ္ဖ,ဖလာ၊ မဓု,ဂုဠ၊ သမ္ဘာရ၊ ပဥ္စမေရယာ။

## သုရာသေ ငါးမျိုး

ပိဋ္ဌသုရာ=မုန့်ညက်ဖြင့် ပြုအပ်သောသေ။
ပူပသုရာ=မုန့်ဖြင့် ပြုအပ်သော သေ။
ဩဒနသုရာ=ထမင်းဖြင့် ပြုအပ်သော သေ။
ကိဏ္ဏပက္ခိတ္တာ=တဆေးထည့်၍ ပြုအပ်သောသေ။
သမ္ဘာရသံယုတ္တာ= ဖန်ခါးသီး စသော အဆောက်အဦ
နှင့် ယှဉ်သောသေ၊

## မေရယာအရက်ငါးမျိုး

ပုပ္ဖာသဝ=ပန်းပွင့်ရည်ဖြင့် ပြုအပ်သောအရက်။
ဖလာသဝ=အသီးအရည်ဖြင့် ပြုအပ်သောအရက်။
မဓွာသဝ=ပျားရည် (သစ်မည် စည်သီးရည်)ဖြင့် ပြုအပ်သောအရက်။
ဂုဠာသဝ=ကြံရည်စသည်ဖြင့် ပြုအပ်သော အရက်။
သမ္ဘာရသံယုတ္တာ=တံဖလစသော အဆောက်အဦနှင့် ယှဉ်သောအရက်။

## အကျွမ်းတဝင် အမြဲတမ်း ဆွမ်းမခံရသော အိမ် ခြောက်မျိုး

ဆောင်ပုဒ်သုရာ ။ သာကီထုဘ်၊ သေတင်းကုပ်၊ ပဏ္ဏုကြက်ကျွန်မ။
မျိုကြီးဂေဟာ၊ ပြည့်တန်ဆာလင်ကွာမုဆိုးမ။
ဤခြောက်အိမ်တွင်၊ ကျွမ်းတဝင်၊ ဆွမ်းကျင်မခံရ။
(ရှေးဆရာတော်ကြီးများ)

ဤတွင်-ရှင်ကျင့်ဝတ် ခက်ဆစ်မှတ်ဖွယ် အမြွက်မျှ ပြီး၏။

# သေခိယအဓိပ္ပါယ်

ကျောင်းရံတွင်း၌ ဖြစ်စေ၊ ရွာတွင်း၌ဖြစ်စေ၊ ချက်အဝန်းကို ဖုံးလွှမ်း၍ မြင်းခေါင်းရိုးအောက် လက်ရှစ်သစ်မျှ သင်းပိုင်ကို ချ၍ ဝတ်ရမည်။ အစွန်းနှစ်ဘက် ညီစွာပြု၍ အဝန်းညီစွာ ကိုယ်ဝတ် ဒုက္ကုဋ်ကို ဝတ်ရုံရမည်။ ရွာတွင်း၌သွားလျှင် ဇာမွတ်သီး စွပ်၍ အလျားအနားပတ်စွန်းဖြင့်လည်ကိုဖုံးလွှမ်းလျက် အစွန်းနှစ်ဘက် ညီစွာခေါက်လိပ်ပြီးလျှင် လက်ကောက်ဝတ် အဝန်းကို ဖုံးလွှမ်း၍ သွားရမည်။ နေလျှင်လည်း ရေမျိုကသည် ဦးခေါင်း လက်ကောက်ဝတ်ကသည် လက်ဖျား သလုံး မြင်းခေါင်းသားကသည် ခြေဖျားတိုင်အောင် ဘွင့်၍ သည်မှကြွင်းသမျှကို ကောင်းစွာ ဖုံးလွှမ်း၍ နေရမည်။

သေခိယဝတ်ကို သာမဏေတို့ ဖြည့်ကျင့်အပ်သောကြောင့် သာမဏေတို့ ဝတ်ရုံလျှင် သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့်ညီအောင် ဝတ်ရမည်။ ရွာတွင်းမှာလက်ခြေဖေါက်ပြန်လှုပ်ရှားခြင်းကိုမပြုမူ၍ ကောင်းစွာစောင့်စည်းဆုံးမ၍ ငုံ့ရှေ့မှ ရထားထမ်းပိုးတပြန်မျှ ကြည့်လျက် မျက်လွှာချ၍ငုံ့ သွားရမည်။ သင်္ကန်းကိုပင့်၍

ခြင်း၊ ပြင်းစွာ ရယ်၍ခြင်း မသွားအပ်, မနေအပ်၊ တဆယ့်နှစ်တောင် အရပ်ကအသံကိုသာ ကြား၍ စကားကို နားမလည်အောင် အသံငယ်စွာ ပြောဆို၍ သွားရ,နေရမည်။ တဆယ့်နှစ်တောင်အရပ်ကနားလည်အောင်မ-ပြ-မဆိုရ,မပြောမဆိုအပ်။

ကိုယ်,လက်ရုံး,ဦးခေါင်းကို လှုပ်၍ခြင်း၊ခါးထောက်၍ခြင်း ဦးခေါင်းခြုံ၍ခြင်း၊ ရွာတွင်း၌မသွားအပ်။ ပုဆုံ့နုင်း၍၊ မသွားအပ်။ အာသယော ဂ ပတ်ဘဲ့၍ မနေအပ်။ ဆွမ်းခံလျှင် အရိုအသေ သတိကိုဖြစ်စေ၍ခြင်း, သပိတ်၌သာ အမှတ်ရှိ၍ခြင်း ဆွမ်းခံရမည်။ လက်ဖြင့်ယူကောင်းသော ဟင်းကို ဆွမ်းလေးစုတစုသာခံရမည်။ ဆွမ်းကိုလည်း သပိတ်အနားရေးနှင့် မျှရုံသာခံရမည်။ ဆွမ်းစားလျှင်လည်းအရိုအသေ သပိတ်၌အမှတ်သညာပြု၍အစဉ်အတိုင်းသာစားရမည်။ များစွာအလိုရှိ၍ဟင်းကိုခြင်း ဟင်းလျာကိုခြင်း ဆွမ်းဖြင့်မဖုံးလွှမ်းအပ်။ ဟင်းလျာ,ဆွမ်းများကို မနာပဲ မိမိဘို့ တောင်း၍မစားအပ်။ သူတပါးသပိတ်ကို ကဲ့ရဲ့လို၍ မကြည့်အပ်။ ဆွမ်းလုပ်ကို အလွန်ကြီးစွာမပြုအပ်။ ဆွမ်းလုပ်ကို အဝန်းညီစွာပြုရမည်။ ဆွမ်းလုပ်မရောက်ခင် ခံတွင်းကို မဖွင့်အပ်။ အလုံးစုံလက်ကို ခံတွင်းသို့သွင်း၍ မစားအပ်၊ စကားမပီသအောင် ဆွမ်းလုပ်ခံတွင်း၌ရှိလျက် စကားမပြောအပ်။ ဆွမ်းလုပ်ကို မြှောက်၍ခြင်း၊ ဆွမ်းလုပ်ကို ဖြတ်၍ခြင်း၊ မျောက်ကဲ့သို့ ဆွမ်းလုပ်ကိုပါးစောင်၌ ထား၍ခြင်း၊ ဆွမ်းလုံးကိုကြဲ၍ခြင်း၊ စပ်စပ်မြည်အောင်ပြု၍ခြင်း၊ ရှုပ်ရှုပ်မြည်အောင်ပြု၍ခြင်း၊ လက်ကိုလျက်၍ခြင်း၊ သပိတ်ကိုခြစ်၍ခြင်း၊ နှုတ်ခမ်းကို လျက်၍ခြင်း၊ မစားအပ်။

သွမ်းအာမိသနှင့် တကွသော လက်ဖြင့် ရေသောက်ခွက်ကို မကိုင်အပ်။ သွမ်းလုံးနှင့်တကွ သပိတ်ဆေးရေကို ရွာတွင်း၌ မသွန်အပ်။

မနာမဖျားဘဲ ထီးစွဲသောသူ၊ တောင်ဝှေးဆွဲသောသူ၊ ဓား လက်နက်စွဲသောသူ၊ ခြေနင်း ဖိနပ်စီးသောသူ၊ အိပ်ရာ၌ နေသောသူ၊ အာယောဂပတ်ဖွဲ့၍နေသောသူ၊ ဦးရစ်ပေါင်းသောသူ၊ ဦးခေါင်းခြုံသောသူတို့အားတရားမဟောအပ်။ ဆံပင်ပေါ်သော်ကား တရားဟောရ၏။ မနာမဖျားဘဲ နေရာ၌နေသောသူအား မြေကြီး၌နေ၍ဍင်း၊ မြင့်သောနေရာ၌ နေသောသူအား နိမ့်သောနေရာ၌ နေ၍ဍင်း၊ ထိုင်သောသူအား ရပ်၍ဍင်း၊ ရှေ့သွားသောသူအား နောက်မှလိုက်၍ဍင်း၊ ခရီးမဖြင့် သွားသောသူအား ခရီးငယ်ဖြင့် သွား၍ဍင်း၊ တရားမဟောအပ်။ မနာမဖျားဘဲ ရပ်လျက် ကျင်ကြီး, ကျင်ငယ်မသွားအပ်။ စိမ်းသော မြက်သစ်ပင်ရှိရာ အရပ်၌ဍင်း၊ သုံးဆောင်ကောင်းသော ရေ၌ဍင်း ကျင်ကြီး, ကျင်ငယ်, တံတွေး, နှပ်ကို မစွန့်အပ်။

သေခိယအဓိပ္ပါယ်ပြီး၏။

# သာမဏေရ သီလဆောက်တည်ပုံ

## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ....အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။

တတိယမ္ပိ....အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။

## ဘုရားရှိခိုးပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။
(သုံးခေါက်ဆို)

## သရဏဂုံ ဆောက်တည်ပုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ....ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ....ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ... သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ....ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ....ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ....သံဃံ သရဏံ ဂစ္ဆာမိ။

## သီလ ဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာ ဒါနာ ဝေရမဏီ သိက္ခာပဒံ။ သမာဒိယာမိ။

(၃) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၆) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၇) နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၈) မာလာ, ဂန္ဓ ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသန ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

---

# ဥပဇ္ဈာယ်ယူရန်

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ ဒုတိယမ္ပိ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊ တတိယမ္ပိ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

အနက်....ဘန္တေ၊ အရှင်မြတ်ဘုရား။ အာယသ္မာ၊ သက်တော်ရှည်သော။ တွံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ ဘုရားတပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးအပြစ်ငယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါဘုရား။

(ပါသာဒိကေန သမ္ပာဒေထ။ .... ပါသာဒိကေန ကြည်ညိုဘွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ် အမူအရာဖြင့်။ တိဝိဓ သိက္ခံ၊ သိက္ခာ သုံးရပ်

သစ္စာသနာတော်မြတ်ကို။ သမ္မာဒေဝ၊ ပြည့်စုံစေကုန်လော့)။

ဝန်ခံရန်....အာမဘန္တေ။ .... ဘန္တေအရှင်မြတ်ဘုရား၊ အာမ၊ ပြည့်စုံစေပါမည်ဘုရား။

ခွင့်လွှတ်ပုံ....ဥပဇ္ဈာယ်ဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ် ပဋိပတ် တရားတို့ကို အားထုတ်၍ နေကြလေကုန်။

(ဥပဇ္ဈာယ် ဆရာတို့က ကိုယ်တိုင်ဆို၍ ခွင့်လွှတ်ထားရမည်)

ပြန်လျှောက်ကြားရန် .... သဒ္ဓိဝိဟာရိက တပည့်ဖြစ်သောဘုရားတပည့်တော်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်တို့ကို မပြုမူ၍ ချမ်းသာစွာ နေတော်မူကြပါကုန်ဘုရား။

(သဒ္ဓိဝိဟာရိက တပည့်ကဆို၍ ခွင့်လွှတ်သောစကား လျှောက်ထားရမည်။ ဤကဲ့သို့ ခွင့်လွှတ်လျှောက်ထားကြပါမှ ဆရာတပည့် အဖြစ်ကင်းမည်။)

ပြီး၏။

J